# စည်သာအေးကျေးရွာ

# မောင်းရမ်းအုပ်စု

# ဥတ္တရသီရိမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ( ၂၀၁၈ -၂၀၂၂)

**ပြုစုရေးစွဲသူ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**စည်သာအေးကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊နေပြည်တော်**

**(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)**

## မာတိကာ


မာတိကာ ၂

အတိုကောက်စကားလုံးများ ၇

စကားချီ ၈

စည်သာအေးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဥတ္တရသီရိမြို့နယ် ၁၀

**အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၁၁

**(၁) နိဒါန်း _ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက် နှင့် လွှမ်းခြုံသက်ရောက်မှု** ၁၁

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၁၅

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၆

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ** ၂၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၂၇

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၂၈

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ် ကျသောချိတ်ဆက်မှုများ** ၂၉

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ** ၃၁

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၃၇

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်**

**အစီအစဉ်များ** ၃၈

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အဖွဲ့အစည်းများ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၄၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီများ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ** ၄၂

**(၁) လူမှုစီးပွားရေး အခြေအနေ**

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား/မ အလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ကျေးရွာ၏ ဂမ်းစာဖူလုံမှု

ဇယား ၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

## (၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံအထွက်နှုန်း တိုးစေရေးအတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်

အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွာလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်

အခက်အခဲများ

ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော (၁၂)လ အတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာအမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေး ယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေးဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ဇယား**

**အတိုကောက်စကားလုံးများ**

AIDS ခုခံအားကျဆင်းမှုရောဂါ

DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

HIV ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်

MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

MEB မြန်မာ့စီးပွားရေးဘဏ်

MOALI စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

NGO အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

STD လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDC ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

VTDSCကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ

# စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနေဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များ နှင့်အကြံဉာဏ် များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်းလူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲ ရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက် တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးရုံးကဲ့သို့သောကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက် အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူလိုကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲ များနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏

ဖွံ့ဖြိုးရေး ဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း (က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြ ထားပါသည်။ အပိုင်း (ခ) စီမံကိန်းဆိုင်ရာ အချက်အလက်နှင့် အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စည်သာအေးကျေးရွာ

ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

**စည်သာအေးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဥတ္တရသီရိမြို့နယ်**

## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုသည်မှာ-

ကျေးရွာဆိုသည်မှာ ယဉ်ကျေးမှုဓလေ့ထုံးစံတူသူများ/နီးစပ်သူများ၊ ဆွေမျိုးမကင်းသူများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆင်တူများ/နီးစပ်မှုရှိသူများ စုပေါင်းနေထိုင်ရာနေရာကိုခေါ်သည်။ ကျေးရွာနှင့်မြို့၏ကွာခြားမှုမှာ အချို့ကျေးရွာများမှာ တိုးတက်မှုရှိသော်လည်း၊ ကျေးရွာအရွယ် အစားကြီးသော်လည်း အစိုးရရုံးများမရှိ။ အစိုးရဘဏ်များမရှိသောကြောင့် ကျေးရွာဟုသတ်မှတ် ကြသည်။ ဥတ္တရသီရိမြို့နယ်တွင် အစိုးရအမည်ပေါက် ကျေးရွာပေါင်း ( ၄၉ ) ရွာရှိပြီး တစ်နိုင်ငံလုံးတွင် ကျေးလက်မြို့နယ်ပေါင်း (၃၀၅) မြို့နယ် အတွင်း အစိုးရအသိအမှတ်ပြု ကျေးရွာပေါင်း( ၆၄၈၉၉ ) ရှိသည်။

ဖွံ့ဖြိုးရေးဆိုသည်မှာ လက်ရှိအခြေအနေမှ ပိုမိုကောင်းမွန်သော အခြေအနေသို့ အစီအစဉ်တကျ ပြောင်းလဲသွားခြင်းကိုဆိုလိုသည်။ ဖွံ့ဖြိုးရေးတွင်လည်းရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးနှင့် စိတ်ပိုင်းဆိုင် ရာဖွံ့ဖြိုးရေးဟူ၍ နှစ်ပိုင်းရှိသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးဆိုသည်မှာ အဆောက်အဦးများတိုးတက် ကောင်းမွန်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် လမ်း၊တံတားများ ပိုမိုတိုးတက်ကောင်း မွန်လာခြင်း၊လျှပ်စစ်မီးရရှိလာခြင်း၊ ယာဉ်/ကား၊ စက်ကရိယာစသည်တို့ ပိုမိုခေတ်မီကောင်းမွန်လာ ခြင်း၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာခြင်း၊ စာသင်ကျောင်း၊ ဆေးခန်းများ ပိုမို ကောင်းမွန်လာခြင်း၊ ခေတ်မီလာခြင်းစသည်တို့ကိုဆိုလိုသည်။စိတ်ပိုင်ဆိုင်ရာဖွံ့ဖြိုးရေးဆိုသည်မှာ အသိ ပညာ၊ အတတ်ပညာ၊ နည်းပညာများ တိုးတက်လာခြင်းကိုဆိုလိုသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုတွင် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးသည် ပိုအရေးကြီးသည်။

ရေရှည်ဖွံ့ဖြိုးရေးဆိုသည်မှာ နောင်မျိုးဆက်တွေကို မထိခိုက်ဘဲ ဖွံ့ဖြိုးခြင်းနှင့် သဘာဝအရင်း အမြစ်များကို အလွန်အကျွံထုတ်ယူအသုံးမပြုဘဲ ဖွံ့ဖြိုးမှုသာရေရှည်ဖွံ့ဖြိုးရေးဖြစ်သည်။

တည်ငြိမ်သောဖွံ့ဖြိုးရေးဆိုသည်မှာ မမျှော်လင့်သောဘေးအန္တရာယ်(SCHOCK)များကို ကြံ့ကြံ့ခံနိုင် ရည် ရှိပြီး ပြန်လည်ရုန်းထနိုင်သောအရည်အချင်း (စီးပွားရေးဆိုင်ရာအရင်းအနှီး၊

နည်းပညာဗဟုသုတ၊ လူမှုရေးအရင်းအနှီး၊ အဆောက်အဦးနှင့် ရုပ်ပိုင်းဆိုင်ရာအရင်းအနှီး၊ လူ့စွမ်းအားအရင်းအမြစ်၊ သဘာဝ အရင်းအမြစ်)ရှိနေခြင်းကိုဆိုလိုသည်။

ယခင်ကလည်း ကျေးရွာသူ/သားများအနေဖြင့် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးကို ကောင်းနိုးရာရာ လုပ်ခဲ့ဖူးပါသည်။ ထိုအချိန်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်ခဲ့ကြသောအခါ ရပ်မိ/ရပ်ဖ၊အုပ်ချုပ်ရေးမှူးတာဝန်ရှိသူများစသည့် လူနည်းစုတို့၏ ဆုံးဖြတ်ချက်နှင့်ဦးဆောင်မှုအရ ၎င်းတို့ လုပ်ကိုင်လိုသောလုပ်ငန်းကိုသာ ရွေးချယ်ခဲ့ကြသည်။ ရပ်ရွာမှပါဝင်ရမည့်/ထည့်ဝင်ကြရမည့် ငွေ (သို့မဟုတ်)ပစ္စည်း၊ လူအင်အားစသည်တို့ကိုလည်း ၎င်းတို့ကသာ ဦးဆောင်ဆုံးဖြတ်ခဲ့ကြသည်။ တစ်ရွာလုံးပါဝင်ဆွေးနွေးခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်မရခဲ့ကြပါ။ လုပ်ငန်းတခုဆောင်ရွက်ပြီးစီးပါက ရပ်တန့်နေတတ်ပြီးဆက်တိုက်လုပ်ဆောင် နိုင်ခြင်းမရှိကြပါ။ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်လည်းမရှိတတ်ကြပါ။ ၂နှစ်-၃နှစ်ကြာ (သို့မဟုတ်) စိတ်ကူးပေါ်မှသာ နောက်လုပ်ငန်းတစ်ခုကို ပြန်လည် လုပ်ဖြစ်တတ်ကြသည်။ ထိုသို့အကောင် အထည်ဖော် လုပ်ခဲ့ကြသည့် လုပ်ငန်းများသည် ကျေးရွာလုပ်ငန်း စီမံကိန်း ( Village Development Plan) ဖြစ်သည်။

ယခုကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် ရပ်မိ/ရပ်ဖအုပ်ချုပ်ရေး၊ တောင်သူ၊ စိုက်/မွေးမဟုတ်သော ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူများ၊ အမျိုးသမီးများ၊ လူငယ်များစသဖြင့် လူတန်းစားပေါင်းစုံ၊ အသွယ်အရွယ်မျိုးစုံ၊ ကျားမ အချိုးညီဖွဲ့စည်းသွားမည်ဖြစ်သည်။ ၎င်းအဖွဲ့တို့၏အကြံဉာဏ်နှင့် ဆွေးနွေးမှုမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များကို မူတည်၍ လုပ်ငန်းများကို ဦးစားပေးရွေးချယ်သွားမည်။ လုပ်ငန်းများကိုလည်း အနည်းဆုံး ၅ နှစ်ဆက်တိုက် လုပ်ဆောင်မည့်လုပ်ငန်း များကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်ရန် ရေးဆွဲမှတ် တမ်းတင်ထားရှိသည်။ ဆင်းရဲသားနှင့် အဆင်းရဲဆုံးတို့၏ ထိခိုက်လွယ်မှုများ၊ အမျိုးသမီးများနှင့် လူငယ်များ၏ အခွင့်အရေးနှင့်စွမ်းဆောင်နိုင်မှု၊ ကျေးရွာ၏အခွင့်အလမ်းကောင်းများ၊ အလားအလာကောင်းများ၊ အဟန့်အတားနှင့်စိန်ခေါ်မှုများ၊ သဘာဝအရင်း အမြစ်များ၊ လက်ရှိအခြေအနေများ၊ လက်ရှိလူ့ စွမ်းအားအရင်းအမြစ်များနှင့် လူသားစွမ်းရည်များ တည် ဆောက်ခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစားထားပြီး တစ်ရွာလုံးသဘောတူ ရေးဆွဲထားသော စီမံကိန်း သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း( Village Develo pmen Plan ) ဖြစ်သည်။

## ၁.၂ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီးမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့်ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်စေသောအချက်များ နှင့် အဟန့်အတားများဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီး ရရှိအောင်ဆောင်ရွက် လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့်ဆောင်ရွက်မည့် နည်းဗျူ ဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်ဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက် သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရခြင်း၏ ရည်ရွယ်ချက်မှာ-**

(၁) ကျေးရွာသူ/သားများကိုယ်တိုင် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို မိမိတို့ကိုယ်တိုင် ရေးဆွဲနိုင်စေရန်နှင့်၎င်းတို့တစ်ရွာလုံး သဘောတူတာဝန်ရေးဆွဲထားသော ကျေးရွာစီမံကိန်းကို စနစ်တကျမှတ်တမ်းတင်ထားရှိရန်

(၂) ကျေးရွာလူထုအတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား စနစ်တကျ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန် စီမံကိန်းမှတ်တမ်းအား လမ်းညွှန်လက်စွဲအဖြစ် အသုံးပြုရန်

(၃) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်းအားအခြေခံပြီး မြို့နယ်အဆင့်အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ ကင၎်းတို့၏ နှစ်စဉ်ဘတ်ဂျက်နှင့် စီမံကိန်းရေးဆွဲရာတွင် ကျေးရွာ၏လိုအပ်ချက်များအတိုင်း ထင်ဟပ် စေမည့်ဦးစားပေးအစီအစဉ်များကို ထည့်သွင်းရေးသားရန်

## ၁.၃ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ အသုံးဝင်မှု

### ကျေးရွာအတွက်အသုံးဝင်မှု

ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ရေးဆွဲထားသော စီမံကိန်းများကို စနစ်တကျ မှတ်တမ်းတင်ထားခြင်းဖြင့် အစိုးရဌာနဆိုင်ရာများ၊ အလှူရှင်များ၊ အစိုးရမဟုတ်သောဖွံ့ဖြိုးရေးအဖွဲ့များ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်များ၊ ကုမ္ပဏီများနှင့် အလွယ်တကူ ချိတ်ဆက်နိုင်မည်။

### အစိုးရဌာနများအတွက်အသုံးဝင်မှု

အစိုးရဌာနများအနေဖြင့် ၎င်းတို့၏ဌာနအသီးသီးတွင် နှစ်စဉ်စီမံကိန်းနှင့်ဘတ် ဂျက်ရေးဆွဲရာတွင်ကျေးရွာ၏လိုအပ်ချက်များကို ထင်ဟပ်စေမည့်လုပ်ငန်းများကို အခြေခံ၍ဦးစားပေးစီမံကိန်းလုပ်ငန်းများ ရေးဆွဲနိုင်မည်။

### နိုင်ငံတော်အစိုးရအဖွဲ့များ၏ အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်၊ အစိုးရအဖွဲ့အစည်းများအား တင်ပြရမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒများ စီမံကိန်းအသစ်များ ရေးဆွဲချမှတ်ရာတွင် မိမိတို့နိုင်ငံအတွင်းရှိ ကျေးရွာများ၏ လိုအပ်ချက်နှင့် အခြေအနေမှန်များကို ထင်ဟပ်စေမည့် မူဝါဒများကို ချမှတ်ရေးဆွဲရာတွင်များစွာအထောက်အကူဖြစ်စေမည်။

ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုအပ်ချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

**အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)** နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ စိတ်ဝင်စားသောလုပ်ငန်းများအတွက်လိုအပ်သောမှန်ကန်သည့် ကိန်းဂဏန်းအချက်အလက်များကို အဆင်သင့်ရရှိနိုင်ပြီး အချိန်တိုအတွင်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုး ရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ် မှုများပြုလာနိုင်ပါမည်။

## ၁.၄ စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ၂၀၁၅ ခုနှစ်တွင်စတင်ခဲ့ပါသည်။ ၂၀၁၅ခုနှစ်တွင် တိုင်းနှင့်ပြည်နယ် ၁၇ခုသတ်မှတ်ခဲ့ပြီး တိုင်းနှင့်ပြည်နယ် တစ်ခုစီတွင် မြို့နယ် ၂ ခုစီအတွင်းရှိ ကျေးရွာ ၅ ရွာစီ၊ စုစုပေါင်း ကျေးရွာပေါင်း ၁၇၀ တွင် စမ်းသပ်ရေးဆွဲခဲ့ကြပါသည်။ ယခု ၂၀၁၇ ခုနှစ်တွင် မြို့နယ်ပေါင်း ၂၉ မြို့နယ်ကို မြို့နယ်လုံးကျွတ်၊ ကျေးရွာပေါင်း ၅၈၀၀ ကျော်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲလျက်ရှိပါသည်။

ထို့ကြောင့် ဥတ္တရသီရိမြို့နယ်အနေဖြင့်လည်း ၂၀၁၇ခုနှစ်တွင် ကျေးရွာ ၁ ရွာကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခဲ့ကြပါသည်။

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုတွင် ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းတို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျွန်တော်တို့ စည်သာအေးကျေးရွာသည် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့၏ အနောက်ဘက်တွင်တည်ရှိပြီး နွေမိုးဆောင်းဟူ၍ ရာသီဥတု မြေမျက်နှာသွင်ပြင်အနေဖြင့် မြေပြန့်နေရာတွင်တည်ရှိပါသည်။ မြေအမျိုးအစားမှာလည်း သဲ နှင့် မြေသား ရောနှောလျက်ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသဘာဝအရင်းအမြစ်များတွင် သဘာဝပေါက်ပင်အနေဖြင့် ကုက္ကိုပင်၊ အုန်းပင်၊ သရက်ပင်၊ ငှက်ပျောပင်စသည့် နှစ်ရှည်ပင်များရှိသည်။ သဘာဝတောရိုင်းတိရစ္ဆာန်များအနေဖြင့် ငှက်မျိုးစုံအနည်းငယ် သာတွေ့ရှိနိုင်ပါသည်။ ရာသီသီးနှံများဖြစ်သော မတ်ပဲနှင့် ခရမ်းချဉ်ပင်များလည်း အနည်းငယ်စိုက်ပျိုး လျက်ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ စည်သာအေးကျေးရွာတွင် အိမ်ထောင်စုပေါင်း ( ၁၉၈)ရှိပြီး လူဦးရေပေါင်း(၈၃၇) ဦး (က-၃၉၇+မ-၄၅၇) ရှိပါသည်။တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ(၄.၂)ရှိသဖြင့် စံနှုန်းဖြစ်သော တစ်အိမ် ထောင်ပျမ်းမျှလူဦးရေးတိုးပွါးမှု (၅) ယောက်နှုန်းထက် လျော့နည်းလျက်ရှိသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာ (၅၃၃)ဦး (၆၃.၆)%ရှိပြီး၊ မှီခိုသူဦးရေမှာ (၃၀၄)ဦး (၃၆.၃)%သာရှိသောကြောင့် ကျေးရွာ၏ အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာ အသင့်အတင့် ရှိသည် ကိုတွေ့ရပါသည်။ ၎င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုများ ထောက်ပံ့ပေးခြင်း၊ တစ်နိုင် တစ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများရှိပါသည်။ အလုပ်လုပ်သောအရွယ်တွင် အမျိုးသားအလုပ်လုပ်နိုင် သောလူဦး ရေထက်အမျိုးသမီးဦးရေမှာ(၂၉) ဦး၊ (၁၁.၅)%ပိုများသည်ကိုလည်း တွေ့ရပါသည်။ တစ်နှစ်အောက် လူဦးရေမှာ( ၂၅)ဦး (၂.၉)%သာရှိ သဖြင့် လူဦးရေမွေးဖွားနှုန်း နည်းသည်ကိုတွေ့ရသည်။ တစ်နှစ်နှင့် ၅ နှစ်အောက်လူဦးရေ (၇၁) ယောက် (၈.၅)%ရှိသဖြင့် ၅နှစ်အောက်ကာကွယ်ဆေးထိုးရမည့် အရေအတွက် ကိုအတိအကျသိရှိနိုင်သည်။ မူလတန်း နှင့် အလယ်တန်းကျောင်းနေအရွယ်လူဦးရေကိုလည်း သိရှိရသော ကြောင့်ကျောင်းနေ အရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိမရှိကို အလွယ်တကူ နှိုင်းယှဉ်သိရှိနိုင် မည်ဖြစ်ပါသည်။၆၀နှစ်နှင့်အထက် သက်ကြီး ရွယ်ကြီး (၁၂)ယောက်(၁.၄)%ရှိသဖြင့် ကျန်းမာရေးအခြေ အနေအသင့်အတင့်ရှိကြောင်း ခန့်မှန်းသိရှိနိုင် ပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာ၏ အဓိကအသက်မွေးဝမ်းလုပ်ငန်းမှာ ကျပန်းလုပ်ငန်းလုပ်ကိုင်ကြသူများဖြစ်ပြီး ကျေးရွာရှိအိမ်ခြေစုစုပေါင်း(၁၉၈)အနက် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သူ (၄) အိမ်ထောင်စုရှိပြီး မွေးမြူရေးကို အဓိကလုပ်ကိုင်သူ အိမ်ထောင်စု(၂)အိမ်ထောင်စုရှိသည်။ အရောင်းအဝယ်လုပ်ငန်းတွင် အဓိကလုပ်ကိုင်သူ (၁၂) အိမ်ထောင်စုရှိပြီး မိသားစုစားဝတ်နေရေးအတွက် နေ့စား/ကျပန်းလုပ်ငန်းကို အဓိကလုပ်ကိုင်သူ (၁၇၆)အိမ်ထောင်စုရှိပါသည်။ ၎င်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မိသားစု ဝင်လုပ်အားမှာ (၄၀၂)ဦး ရှိသည်ကို လေ့လာတွေ့ရှိရသောကြောင့် တစ်အိမ်ထောင်ပျမ်းမျှ မိသားစုဝင် လုပ်အားအနေဖြင့် (၂)ယောက် နှုန်းအလုပ်လုပ်နေကြရသည်ကိုတွေ့ရသည်။ လက်သမား ၊ ပန်းရံ လုပ်ငန်းတွင် တွဲဖက်လုပ်ကိုင်သူ(၁)ဦး၊ ဓါတ်ပုံ၊ စိုက်ပျိုးရေးလုပ်ငန်းတွင်တွဲဖက်လုပ်ကိုင်သူ(၂)ဦး၊ လက်လီလက်ကားရောင်းဝယ်ရေးတွင် တွဲဖက်လုပ်ကိုင်သူ(၁၁) ဦး၊ အပ်ချုပ်လုပ်ငန်းတွင် တွဲဖက် လုပ်ကိုင်သူ(၁)ဦး ၊ ပို့ဆောင်ရေးမှာ(ဆိုယ်ကယ်ကယ်ရီ/ ကားမောင်း)လုပ်ကိုင်သူ(၇)ဦး၊ ကျပန်းလုပ်ငန်း တွင်တွဲဖက်လုပ်ကိုင်သူ(၂၃)ဦး စုစုပေါင်းတွဲဖက်လုပ်ကိုင်သူ ဦးရေမှာ(၄၅)ဦးတွေ့ရသဖြင့် ဆင်းရဲသား မိသားစုနှင့်အဆင်ပြေမိသားစု(၁၉၈) အိမ်ထောင်စုတွင် လုပ်ငန်း တစ်မျိုးထက်ပို၍ (သို့မဟုတ်) လူတစ်ဦးတည်းက ဝင်ငွေရလုပ်ငန်းများကို လုပ်ငန်းတစ်မျိုးထက်ပို၍ တွဲဖက်လုပ်ငန်းအနေဖြင့် အလုပ်

လုပ်နေကြရသည်ကိုလည်းတွေ့ရသည်။ ၎င်းလုပ်ငန်းများတွင် လုပ်ကိုင် နေကြသော မိသားစုဝင်လုပ်အားမှာ(၅၃၃)ဦးရှိသည်ကို လေ့လာတွေ့ရှိရသောကြောင့် တစ်အိမ်ထောင် ပျမ်းမျှမိသားစုဝင်လုပ်အားအနေဖြင့်(၄)ယောက်နှုန်း အလုပ်လုပ်နေကြရသည်ကိုတွေ့ရှိရသည်။ ရွာတွင်အလုပ်လုပ်နိုင်သူဦးရေ (၅၃၃) ဦးရှိသော်လည်း တကယ်အလုပ်လုပ်သူ (၄၄၇)ဦးသာ တွေ့ရှိရသောကြောင့် အလုပ်လက်မဲ့အနည်းငယ်ရှိနေကြောင်း တွေ့ရှိရသည်။

ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသောလုပ်ငန်းအမျိုးအစား (၂)မျိုးရှိသည်ကိုတွေ့ရသည်။ လယ်ယာလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်ခမှာ (၅၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ (၄၀၀၀)ကျပ်ဖြစ်ပြီး အမျိုးသမီးများ၏အများဆုံးလုပ်ခမှာ (၄၀၀၀)ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ (၃၅၀၀)ကျပ်တို့ဖြစ်သည်။

ဆောက်လုပ်ရေးပန်းရံ၊ လက်သမားလုပ်ငန်းတွင် အမျိုးသားများ၏အများဆုံးလုပ်ခမှာ(၅၀၀၀) ကျပ်နှင့်အနည်းဆုံးလုပ်ခမှာ (၄၀၀၀) ကျပ်ရှိကြောင်းနှင့် ၎င်းလုပ်ငန်းတွင် အမျိုးသမီးများလည်းဝင်ရောက် လုပ်ကိုင်နေကြကြောင်းတွေ့ရှိရသည်။

အမျိုးအမည်မဖော်ပြနိုင်သော (ကျပန်း)လုပ်ငန်းများတွင် အမျိုးသားများ၏ အများဆုံးလုပ်ခမှာ (၅၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ( ၃၅၀၀) ကျပ်ဖြစ်ပြီး အမျိုးသမီးများ၏ အများဆုံးလုပ်ခမှာ (၄၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ (၃၅၀၀)ကျပ်တို့ဖြစ်သည်။ ဤလုပ်ငန်းအားလုံးတွင် အလုပ်ချိန်နှင့်လုပ်အားစိုက်ထုတ်မှု၊ ပင်ပန်းမှုချင်းတူသော်လည်း လုပ်အားခအနေဖြင့် ကျား/မ ခွဲခြားမှု၊ မမျှတမှုရှိသည်ကိုတွေ့ရသည်။

ကျေးရွာတွင် မြေယာမဲ့ (၁၈၇)အိမ်ထောင်စု (၉၄.၄)%၊ ၂.၅ဧကအောက်ပိုင်ဆိုင်သူ အိမ်ထောင်စု (၇)စု(၃.၅%)၊ ၂.၅ဧကနှင့်၅ဧကအကြားပိုင်ဆိုင်သူ တောင်သူငယ်(၆)အိမ်ထောင်စု(၃%)နှင့် တခြားသော အမျိုးအမည်မဖော်ပြနိုင်သော (ကျပန်း)လုပ်ငန်းများတွင် နေ့စားအငှါးလုပ်ကိုင်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာ၏ ဥစ္စာခနေအဆင့်သတ်မှတ်ရာတွင် အဆင့်(၄)ဆင့်သတ်မှတ်ထားပြီး ကျေးရွာ၏စီးပွားရေးအခြေအနေ အဆင့်မှာလည်းအဆင့်လေးဆင့်ရှိကြောင်းတွေ့ရှိရသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လုပ်ငန်းသုံး ကိရိယာပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်မဆိုင်သောပစ္စည်းများပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေသည်အရေးပါသည်ကိုတွေ့ရသည်။ ကျေးရွာ၏ဥစ္စာခနေကို အဆင့်(၄)ဆင့်သတ်မှတ်ထားသည်။ အဆင်ပြေသောအိမ်ထောင်စု (၈)စု (၄%)၊ အလယ်အလတ်အဆင့် အိမ်ထောင်စု(၆၀)စု(၃၀.၃%)၊ ဆင်းရဲသော အိမ်ထောင်စု(၁၂၆)စု (၆၃.၆%) နှင့် အဆင်းရဲဆုံး အိမ်ထောင်စု(၄)စု(၂%)ရှိသည်။ ထို့ကြောင့်

အဆင်ပြေ သောအိမ်ထောင်စုနှင့် အလယ်အလတ် အိမ်ထောင်စုပေါင်း(၆၈)စု (၁၄.၅%)သာတစ်နှစ်ပတ်လုံးဝမ်း စာဖူလုံမှုရှိပြီး ကျန်ဆင်းရဲသားအိမ်ထောင်စု (၆၁)အိမ်(၃၄.၃%)နှင့် အဆင်းရဲဆုံးအိမ်ထောင်စု (၁၂၆)စု (၆၃.၆%)သည်တစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံမှု မရှိကြောင်းတွေ့ရသည်။ ဝမ်းစာဖူလုံမှုမရှိသောအိမ် ထောင်စုပေါင်း(၁၃၀)အိမ်မှာ နေ့စားအငှါးလုပ်ကိုင်ကြ သော်လည်း အလုပ်ပုံမှန်မရကြဘဲ နေ့စားခမှာ လည်းနည်းကြသည်။ ပိုင်ဆိုင်ပစ္စည်းအနေဖြင့်လည်း မျှတမှု မရှိကြောင်းတွေ့ရသည်။ အဆင်ပြေ သောအိမ်ထောင်စုနှင့် အလယ်အလတ်လူတန်းစားမှာ (၆၈)အိမ်ရှိပြီး အိမ်ထောင်စုအရေ အတွက်အားဖြင့်နည်းသော်လည်း ပိုင်ဆိုင်မှုတွင်များစွာပိုင်ဆိုင်သည်ကိုတွေ့ရသည်။ ကျန်ဆင်းရဲနှင့် အဆင်းရဲဆုံး အိမ်ထောင်စုများမှာ အရေအတွက်များသော်လည်း ပိုင်ဆိုင်မှုအလွန်နည်းပြီးမြေယာမဲ့ ကျပန်းများ၊ ဆင်းရဲသားတောင်သူများနှင့် တောင်သူငယ်များဖြစ်သည်ကိုတွေ့ရသည်။

ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုနှင့် စားနပ်ရိက္ခာမဖူလုံမှုအခြေအနေတွင် မိသားစု အတွင်းအလုပ်လုပ်ကိုင်သူဦးရေ အသင့်အတင့်ရှိသောကြောင့် ထိခိုက်လွယ်မှုလတ်သည်။ မိုးရာသီ အချိန်တွင်အိမ် ထောင်စုအနည်းငယ်မှာ ငလိုက်ချောင်းဘေးတွင်တည်ရှိသောကြောင့် ရေတိုက် စားမှုသည် ကမ်းပါးပြိုမှုများ ရှိသော်လည်း လူနေအိမ်ခြေများထိုက်ခိုက်မှုမရှိဘဲ ကျေးရွာဘောလုံးကွင်း ကိုသာထိခိုက်သောကြောင့် ထိခိုက်လွယ်မှုမှာ အလယ်အလတ်တွင် ရှိကြောင်းတွေ့ရသည်။ မီးဘေး အန္တရာယ်မှာ အချိန်မရွေးကျရောက် နိုင်မှုကြောင့် ထိခိုက်လွယ်မှုလတ်သည်။ ငှက်ဖျားရောဂါများ၊ တီဘီရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုများတွင် ထိခိုက်လွယ်မှုနိမ့် သည်။ ပြည်တွင်းပဋိပက္ခ၊ လူကုန်ကူးခြင်း၊ ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းတို့တွင် ထိခိုက်လွယ်မှုနိမ့်သည်။

ထိခိုက်သက်ရောက်လွယ်မှုခံရနိုင်သော လူအုပ်စုများတွင်လည်း လူငယ်၊ အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု၊ လက်လုပ်လက်စားကျပန်းများမှာ မိသားစုဝင်ငွေအတွက် အဓိကလုပ်ကိုင်ရ သောကြောင့်လုပ်ငန်းခွင်တွင် ထိခိုက်နိုင်ခြင်း၊ ဆိုင်ကယ်အသုံးပြုသူများသဖြင့် ယာဉ်တိုက်မှုမတော်တဆ ဖြစ်နိုင်ခြေ များခြင်းတို့ကြောင့်ထိခိုက်လွယ်မှုမြင့်သည်။ အမျိုးသမီးဦးဆောင်သော ဆင်းရဲသော အိမ်ထောင်စု များနှင့်လက်လုပ်လက်စား ကျပန်းအိမ်ထောင်စုများမှာလည်း လုပ်အားခနည်းခြင်း၊ အလုပ်အကိုင်နှင့် ပုံမှန်ဝင်ငွေ မရှိခြင်း၊ မိသားစုများခြင်းတို့ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ အချို့သောမြေယာမဲ့ ဆင်းရဲသားတောင်သူများတွင် ပုံမှန်အလုပ်အကိုင်မရှိ ဝင်ငွေနည်းခြင်းတို့ကြောင့် ထိခိုက်လွယ်မှုလတ် သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင်ရွာသားအများစုသည် သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲ ကျေးရွာအုပ်စုတွင်ရှိသည့်အတွက် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ရာသီချိန်တွင်ဖြစ်သော်လည်း ကျန်းမာရေးဆရာမမှ လိုအပ်သည်များဆောင်ရွက်ပေးခြင်းကြောင့် ဖြစ်ပွားမှုနှုန်း နိမ့်သည်။ ကူးစက်ရောဂါ ရနိုင်ခြေရှိသောသူများမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မှုများသောကြောင့်ထိခိုက်မှုမြင့်သည်။ တီဘီ၊ ဆီးချို၊ ကျန်းမာရေးဌာနမှ ဆေးပေးဝေမှု လုံလောက်မှုမရှိသော်လည်းရောဂါဖြစ်ပွားနှုန်း နိမ့်ကြောင်းတွေ့သည်။ သွေးတိုးရောဂါ ဖြစ်ပွားမှုနှုန်းမှာမြင့်သည်။ အများစုမှာဆင်းရဲသားများဖြစ်သော ကြောင့်အာဟာရချို့တဲ့မှုမှာလည်း ဖြစ်နိုင်ခြေရှိပါသည်။ သို့သော် နိမ့်သည်။ အခြားကူးစက်နိုင်သော ရောဂါများမှာလည်း ဖြစ်ပွားမှုနှုန်း နိမ့်သည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှု

ကျေးရွာ၏ အဓိကအသက်မွေးဝမ်းလုပ်ငန်းမှာ ကျပန်းလုပ်ငန်းလုပ်ကိုင်ကြသူများဖြစ်ပြီး ကျေးရွာရှိ အိမ်ခြေစုစုပေါင်း (၁၉၈)အနက်စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သူ (၄)အိမ်တောင်စုရှိပြီး မွေးမြူရေးကို မိသားစုတစ်နိုင် တစ်ပိုင်သာလုပ်ကိုင်ပြီး အိမ်ထောင်စု(၂) အိမ်ထောင်စုရှိသည်။ အရောင်းအဝယ်လုပ်ငန်းတွင် အဓိကလုပ်ကိုင်သူ (၁၂)အိမ်ထောင်စုရှိပြီး မိသားစုစားဝတ်နေရေးအတွက် နေ့စား/ ကျပန်းလုပ်ငန်းကို အဓိကလုပ်ကိုင်သူ (၁၇၆)အိမ်ထောင်စုရှိပါသည်။ ၎င်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြသောမိသားစုဝင် လုပ်အားမှာ(၄၀၂)ဦးရှိသည်ကို လေ့လာတွေ့ရှိရသောကြောင့် တစ်အိမ်ထောင်ပျမ်းမျှမိသားစုဝင်လုပ်အား အနေဖြင့်(၂)ယောက်နှုန်း အလုပ်လုပ်နေကြရသည်ကိုတွေ့ရသည်။ လက်သမား ၊ ပန်းရံ လုပ်ငန်းတွင် တွဲဖက် လုပ်ကိုင်သူ(၁)ဦး၊ အပ်ချုပ်လုပ်ငန်းတွင်တွဲဖက်လုပ်ကိုင်သူ (၁)ဦး၊ စိုက်ပျိုးရေးလုပ်ငန်းတွင်တွဲဖက် လုပ်ကိုင်သူ(၂)ဦး၊ ကျပန်းလုပ်ငန်းတွင် တွဲဖက်လုပ်ကိုင်သူ ( ၂၃ )ဦး ၊ ပို့ဆောင်ရေးမှာ (ဆိုယ်ကယ်ကယ်ရီ / ကားမောင်း) လုပ်ကိုင်သူ(၇)ဦး စုစုပေါင်းတွဲဖက် လုပ်ကိုင်သူဦးရေမှာ(၄၅)ဦးတွေ့ရသဖြင့် ဆင်းရဲသား မိသားစုနှင့် အဆင်ပြေမိသားစု(၁၉၈) အိမ်ထောင်မှာ လုပ်ငန်းတစ်မျိုးထက်ပို၍ (သို့မဟုတ်) လူတစ်ဦးတည်း ကဝင်ငွေရလုပ်ငန်းများကို လုပ်ငန်းတစ်မျိုးထက်ပို၍တွဲဖက်လုပ်ငန်းအနေဖြင့် အလုပ်လုပ်နေကြရသည် ကိုလည်း တွေ့ရသည်။ ၎င်းလုပ်ငန်းများတွင်လုပ်ကိုင်နေကြသောမိသားစုဝင် လုပ်အားမှာ (၄၄၇)ဦးရှိသည် ကို လေ့လာတွေ့ရှိရသောကြောင့် တစ်အိမ်ထောင်ပျမ်းမျှမိသားစုဝင်လုပ်အားအနေဖြင့်(၂) ယောက်နှုန်း အလုပ်လုပ်နေကြရသည်ကိုတွေ့ရှိရသည်။ ရွာတွင်အလုပ်လုပ်နိုင်သူဦးရေ (၅၃၃) ဦးရှိသော်လည်း တကယ်အလုပ်လုပ်သူ(၄၄၇) ဦးသာ တွေ့ရှိရသောကြောင့် အလုပ်လက်မဲ့အနည်း ငယ်ရှိနေကြောင်း တွေ့ရှိရ သည်။

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းနှင့်ပတ်သက်၍ အိမ်တွင်းမှုလုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ ထုတ်ကုန်လုပ်ငန်းတွင် နေ့စားသွားရောက်လုပ်ကိုင်ခြင်း၊ ပန်းရံ၊စက်ချုပ်၊ ကားမောင်း ၊ ဆိုင်ကယ်ကယ်ရီနှင့် ဈေးဆိုင်လုပ်ငန်းတို့ရှိသည်။ ကျေးရွာတွင် အစိုးရခန့် ဆရာ/ ဆရာမ

(၄)ဦးနှင့်ကျောင်းလုပ်သား(၁)ဦးရှိ ကြောင်းတွေ့ရသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်း ပညာကျွမ်းကျင်မှုနည်းပါသည်။အရင်းအနှီးလည်းနည်းပါပြီး ချေးငွေလည်း လက်လှမ်းမမီကြပါ။အသက်မွေး ဝမ်းကျောင်းပညာသင်တန်းတက်ရောက်ရန်နှင့် လုပ်ငန်းထူထောင်ရန် ကုန်ကျစရိတ်နှင့်အရင်းအနှီးမတတ် နိုင်ကြပါ။ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့် အနေအထားတွင်ရှိနေကြောင်းတွေ့ရပါသည်။ ပညာရေးနှင့်စာတတ်မြောက်မှုတွင် လူဦးရေ(၅၈၁)ဦးရှိသည့် အနက်စာမတတ်သူဦးရေ (၂၅၆)ဦး (၃၀.၅%)၊ မူလတန်းပညာရေးပြီးဆုံးသူ (၃၆၈)ဦး (၄၃.၉%)၊ အလယ်တန်းပညာပြီးဆုံးသူဦးရေ(၁၃၁)ဦး(၁၅.၆%)၊ အထက်တန်းပညာပြီး ဆုံးသူဦးရေ(၅၆)ဦး (၆.၇%)နှင့် တက္ကသိုလ်ပညာရေးပြီးဆုံးသူဦးရေ(၂၆)ဦး( ၃.၁%) ရှိသည်ကိုတွေ့ရ ပါသည်။

ကျေးရွာတွင် မူလတန်းရှိသည်ကိုတွေ့ရသည်။ ကျောင်းအဆောက်အအုံ၊ ပရိဘောဂ၊ သင်ကြား ရေးဆရာ/ဆရာမများ လိုအပ်သည်ကိုတွေ့ရပါသည်။ ကျေးရွာ၏ ပညာရေးတွင်လက်ရှိတက် ရောက်နေ မှုနှုန်းမှာ အသင့်အတင့်အနေအထားတွင်ရှိပါသည်။ လက်ရှိတက်ရောက်နေသူဦးရေ (၂၀၇) ဦးရှိသည့် အနက် မူလတန်းဆင့်တက်ရောက်သူဦးရေ(၁၀၄)ဦး (၅၀.၂%) ၊ အလယ်တန်းအဆင တက်ရောက် သူဦးရေ(၅၀) ဦး(၂၄.၂%)၊ အထက်တန်းအဆင့်တက်ရောက်သူ (၃၂)ဦး (၁၅.၅%)၊ တက္ကသိုလ်အဆင့် တက်ရောက်သူ ဦးရေ(၂၁)ဦး (၁၀.၁%)ရှိသည်ကိုတွေ့ရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် လက်ရှိယဉ်ကျေးမှုနှင့်ဓလေ့ထုံးစံများအရ ကျား/မခွဲခြားဆက်ဆံမှုအနေဖြင့် ကြီးမား သောပြဿနာနှင့် ကျားနှင့်မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် အရေးတူညီစွာရရှိသည်ဟု ယေဘု ယျပြောနိုင်ပါသည်။ အမျိုးသားများမှာ မိသားစုဝင်ငွေအတွက် နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင် ကြရသောကြောင့် ပညာပြီးဆုံးအောင် သင်ကြားနိုင်ခြင်းမရှိကြသောကြောင့် ဘွဲ့ရဦးရေတွင်အမျိုးသမီး ပိုများသည်။

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ၌ လူမှုအခြေပြုအဖွဲ့အစည်းများဖြစ်သော မေတ္တာ ရှင်ပရဟိတအဖွဲ့နှင့် စည်သာအေးဝတ်ရွတ်အသင်းများရှိကြောင်းတွေ့ရသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်နေကြောင်းတွေ့ရှိရပါသည်။

ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသောလုပ်ငန်းအမျိုးအစား(၂)မျိုး ရှိသည်ကိုတွေ့ရသည်။ လယ် ယာလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်ခမှာ (၅၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ (၄၀၀၀) ကျပ်ဖြစ်ပြီး အမျိုးသမီးများ၏ အများဆုံးလုပ်ခမှာ (၄၀၀၀)ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ (၃၅၀၀) ကျပ်တို့ဖြစ်သည်။

ဆောက်လုပ်ရေးပန်းရံ၊ လက်သမားလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်ခမှာ (၅၀၀၀) ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ (၄၀၀၀) ကျပ်ဖြစ်ပြီး အမျိုးသမီးများ၏ အများဆုံးလုပ်ခမှာ (၄၀၀၀) ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ (၃၅၀၀)ကျပ်တို့ဖြစ်သည်။

အမျိုးအမည်မဖော်ပြနိုင်သော(ကျပန်း)လုပ်ငန်းများတွင် အမျိုးသားများ၏ အများဆုံး လုပ်ခမှာ(၅၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ( ၄၀၀၀) ကျပ်ဖြစ်ပြီး အမျိုးသမီးများ၏ အများဆုံး လုပ်ခမှာ(၄၀၀၀) ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ (၃၀၀၀)ကျပ် တို့ဖြစ်သည်။ ဤလုပ်ငန်းအားလုံးတွင် အလုပ်ချိန်နှင့် လုပ်အားစိုက်ထုတ်မှု၊ ပင်ပန်းမှုချင်းတူသော်လည်း လုပ်အားခအနေဖြင့် ကျား/မ ခွဲခြားမှု၊ မမျှတမှုရှိသည်ကို တွေ့ရသည်။

ကျေးရွာအတွင်းတွင် လူမှုအခြေပြုအဖွဲ့အစည်း(၂)ဖွဲ့ရှိသည်။ ၎င်းတို့မှာဘာသာရေး၊ သာရေး/နာရေးနှင့် လူမှုဖွံ့ဖြိုးရေးကိုအခြေခံသောအဖွဲ့(၂)ဖွဲ့ရှိပါသည်။ ၎င်းအဖွဲ့များမှာ ကျေးရွာ၏ သာရေး/နာရေးလုပ်ငန်း များဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်မှု အားနည်းကြောင်း တွေ့ရသည်။ ကျန်အဖွဲ့အစည်းများမှာ အထူးလှုံ့ဆော်ရန်မလိုဘဲ စည်းလုံးမှု၊ တက်ကြွမှုအပြည့်အဝရှိသည်ကို တွေ့ရသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာအတွင်းတွင် လူမှုအခြေပြုအဖွဲ့အစည်း(၂)ဖွဲ့ရှိသည်။ ၎င်းတို့မှာဘာသာရေးကိုအ ခြေခံသောအဖွဲ့(၁)ဖွဲ့နှင့် သာရေးနာရေးလူမှုဖွံ့ဖြိုးရေးအဖွဲ့(၁)ဖွဲ့ရှိပါသည်။အဖွဲ့အစည်းများမှာ အထူးလှုံ့ဆော်ရန် မလိုဘဲစည်းလုံးမှု၊ တက်ကြွမှု အပြည့်အဝရှိသည်ကိုတွေ့ရသည်။

ကျေးရွာတွင်ပြည်တွင်းပြည်ပဖွံ့ဖြိုးရေးအဖွဲ့များနှင့်ဆက်စပ်မှုမရှိအားနည်းသည်ကိုတွေ့ရသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ စိုက်ပျိုးရေးမြေပိုင်ဆိုင်မှုမှာ လယ်မြေ(၁၈.၃၅)ကေ၊ယာမြေ(၇.၀၈)ကေ၊ ဥယျာဉ်(၁.၂၅)ကေရှိပြီး စုစုပေါင်းစိုက်ပျိုးမြေ (၂၆.၆၀၈)ကေရှိပါသည်။ စိုက်ပျိုးမြေအားလုံး၏ မြေအရည်အသွေးမှာအသင့်ရှိပြီး ဖောင်းလောင်ဆည်မှရေကို အားကိုးစိုက်ပျိုးကြရသည်။

ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါးနှင့်မတ်ပဲတို့ဖြစ်သည်။ စပါးစိုက်ပျိုး မြေစုစုပေါင်း(၁၈.၃၅)ကေရှိပါသည်။ ဇွန်လတွင်စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းပါသည်။ သီးနှံထွက်နှုန်းမှာ အများဆုံး(၈၀)တင်းမှ အနည်းဆုံး(၆၀)တင်းရှိသည်။ မတ်ပဲစိုက်ကေ စုစုပေါင်း(၆၀)ကေရှိပြီး အောက်တိုဘာလတွင် စတင်စိုက်ပျိုးသည်။ မတ်လတွင် ရိတ်သိမ်းသည်။ သီးနှံအထွက်နှုန်းမှာ

တစ်ကေလျှင် အများဆုံး(၂၀)တင်းမှ အနည်းဆုံး(၁၅)တင်းရှိသည်။ အမြတ်ရရှိမှုမှာနိမ့်သည်။ စိုက်ပျိုးရေးမှာလိုအပ်သော မျိုးကောင်းမျိုးသန့်များကို အလွယ်တကူရရှိနိုင်ပါသည်။ နည်းပညာဝန်ဆောင်မှုများ အားနည်းနေကြောင်း သိရှိရပါသည်။ တောင်သူများသည် တခါတရံမိုးရွာသွန်းမှုမညီမျှမှုနှင့် ရင်ဆိုင်ကြရသည်။ ရာသီဥတု ဖောက်ပြန်မှုကြောင့် သီးနှံများတွင်ဖျက်ပိုးများကျရောက်လျှင် နည်းပညာအား နည်းခြင်းကြောင့် သီးနှံများ အထွက်နှုန်းနည်းသည်။သီးနှံများရောင်းချရာတွင် ဈေးကွက်တည် ငြိမ်မှု မရှိခြင်းကြောင့် အမြတ်ရရှိမှုနည်းပါးသည်။

ကျေးရွာများတွင် လယ်ယာသုံးစက်ကရိယာများအား အခြားကျေးရွာမှ ငှါးရမ်းလုပ်ကိုင်လျှက် ရှိကြောင်းတွေ့ရသည်။ ကျေးရွာအနေဖြင့် စက်ကရိယာ ဝယ်ယူနိုင်ခြင်းမရှိပါသောကြောင့် စိုက်ပျိုးချိန် နောက်ကျမှ စိုက်ပျိုးရသဖြင့် စက်ကရိယာများ အရစ်ကျရောင်းချပေးလျှင် အဆင်ပြေနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူ (၁၁၆)ဦးရှိပြီး မိသားစုတစ်ပိုင်တစ်နိုင်အနေဖြင့် မွေးမြူကြသည်။ မွေးမြူထားသောအကောင်ရေမှာ ကျွဲ (၆)ကောင်၊ ဝက်(၇၆)ကောင်၊ ကြက်(၇၁၅)ကောင်နှင့် ဘဲ(၅) ကောင် မွေးမြူကြသည်။ တိရိစ္ဆာန်ရောဂါများ အထူးသဖြင့်ခွာနာလျှာနာ၊ ကြက်တုပ်ကွေး၊ ဝက်နားရွက်ပြာ ရောဂါများဖြစ်ပြီး ရောဂါကြောင့် သေဆုံးမှုများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်တိမွေး/ကု ဦးစီးဌာနမှ ရရှိသော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် ဆောင်ရွက် ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေး၏အဓိက အခက်အခဲမှာ နည်းပညာဝန်ဆောင်မှု အခက်အခဲ၊ မျိုးကောင်းမျိုးသန့်မရရှိနိုင်မှု၊ ချေးငွေမရ ရှိမှုနှင့် အမြတ်အစွန်းရရှိမှုနည်းပါးခြင်း ရှိကြောင်းတွေ့ရသည်။

ကျေးရွာတွင်စားကျက်မြေမရှိပါ။ မွေးမြူရေးအတွက်ရေလုံလောက်မှုရှိသည်။ မျိုးကောင်း မျိုးသန့် မျိုးတိရိစ္ဆာန်များကို ဒေသတွင်းဆက်သွယ်ရရှိနိုင်ပါသည်။ မွေးမြူရေးအတွက်လိုအပ်သော သွင်းအားစုများကို အလုံအလောက်ဝယ်ယူရရှိနိုင်သည်။ ဈေးကွက်အလုံအလောက်ရှိသည်။ မွေးမြူရန် အိမ်ခြံဝန်းအလုံအလောက် မရှိပါ။

## (ဂ) စိုက်ပျိုးရေး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် လုပ်သားအင်အားရရှိနိုင်မှုရှိပြီး ဈေးကွက်ဆိုင်ရာအသိအမြင်မှာလည်း အသင့်အတင့်နားလည်မှုရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအခြေအနေနှင့် လျှပ်စစ်မီးရရှိမှုမှာ ကောင်းမွန်ကြောင်းတွေ့ရပြီး ကုန်ကြမ်းရရှိမှုမှာ အသင့်အတင့်ရှိပါသည်။ အရင်းအနှီးမရှိသည့်အတွက်အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးပြီး အခက်အခဲအနည်းငယ်ရှိကြောင်းတွေ့ရသည်။

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းနှင့်ပတ်သက်၍ အိမ်တွင်းမှုလုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ ထုတ်ကုန်လုပ်ငန်းတွင် နေ့စားသွားရောက်လုပ်ကိုင်ခြင်း၊ ပန်းရံ၊ စက်ချုပ်၊ ကားမောင်း၊ ဆိုင်ကယ်ကယ်ရီနှင့် ဈေးဆိုင်လုပ်ငန်းတို့ရှိသည်။ ကျေးရွာတွင် အစိုးရခန့်ဆရာ/ ဆရာမ

(၄)ဦးနှင့် ကျောင်းလုပ်သား(၁)ဦးရှိကြောင်းတွေ့ရသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကြောင်း ပညာကျွမ်းကျင်မှုနည်းပါသည်။ အရင်းအနှီးလည်းနည်းပါပြီး ချေးငွေလည်း လက်လှမ်းမမီကြပါ။အသက်မွေး ဝမ်းကျောင်းပညာသင်တန်းတက်ရောက်ရန်နှင့် လုပ်ငန်းထူထောင်ရန် ကုန်ကျစရိတ်နှင့်အရင်းအနှီးမတတ် နိုင်ကြပါ။

ဈေးကွက်လည်း အလုံအလောက်ရှိသည်။ ဘုရားကုန်းဈေးနှင့်နီးပြီး ဒေသစိုက်ပျိုး ထွက်သီးနှံများ၊မွေးမြူရေးထွက်ကုန်များစသည့် ထွက်ကုန်များအတွက် ဈေးကွက်အလုံအလောက်ရှိသည်။ နယ်မြေအေးချမ်းပြီး လွတ်လပ်စွာသွားလာရောင်းဝယ်နိုင်သည်။ ဈေးကွက်ချိတ်ဆက်မှုရှိသည်။ ဘွဲ့ရနှင့်ဘွဲ့မရသေးသော အလုပ်လုပ်နိုင်သောအရွယ်များသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး တစ်နှစ်ပတ်လုံး၊ရာသီမရွေး၊ အချိန်မရွေးသွားလာနိုင်သည်။ စက်ချုပ်၊ ဈေးရောင်းစသည့်အ သက်မွေးဝမ်းလုပ်ငန်းအချို့ လုပ်ကိုင်စား သောက်ကြသည်ကို တွေ့ရှိရ သည်။

ကျေးရွာတွင် ပြည်တွင်းလုပ်ကိုင် သူဦးရေ (၁၀)ဦးနှင့် ပြည်ပတွင်သွားရောက်လုပ်ကိုင်သူ (၇) ဦးခန့်ရှိကြောင်းတွေ့ရပါသည်။ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်းမှာ ပိုမိုကောင်းမွန်သောအလုပ်အကိုင်အခွင့်အလမ်းများရှာဖွေရန်နှင့် မိသားစုစားဝတ်နေရေးအတွက် သွားရောက်လုပ်ကိုင်နေကြောင်းတွေ့ရပါသည်။ ရွှေ့ပြောင်းသွားလာလုပ်ကိုင်သူများမှ ပြန်လည်ပေးပို့ငွေအား မှီခိုအားထားနေရသော အိမ်ထောင်စုမှာအနည်းငယ်ခန့်ရှိကြောင်းတွေ့ရပါသည်။ ၎င်းတို့မှပေးပို့ငွေအား ဘဏ်မှ တဆင့်လွှဲပို့ပေး ကြောင်းသိရပါသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် မြေသားအမျိုးအစားဖြစ်ပြီး မြေသားဖွဲ့စည်းပုံမှာလတ်သည်။ သို့သော်လည်း ဓါတ်မြေဩဇာများအလွန်အကျွံသုံးစွဲခြင်းနှင့် စိုက်နည်းစနစ်မှာယွင်းမှုကြောင့်လည်း မြေဆီလွှာအန္တရာယ်ရှိမှု မြင့် သည်။

တောင်သူများအနေဖြင့် ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှုတွင် အလတ်အနေအထားတွင်ရှိပြီးအသင့်အတင့်ကျရောက်ပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိပ်ခွံ၊ ဗူးခွံများ ကို စနစ်မကျမစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှုမြင့်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ရေအရင်းအမြစ်အနေဖြင့်လည်း ဖောင်းလောင်ဆည်ကိုသာအားကိုးနေရပြီး အလတ်အနေ အထားတွင်ရှိသည်။ မြေအောက်ရေတူးဖော်ရရှိနိုင်ပါသည်။

ငါးမျိုးကွဲများရရှိမှုမရှိပါ။ အခါအားလျော်စွာကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝဘေး အန္တရာယ် တစ်ရပ်အနေဖြင့်ရှိနေဆဲဖြစ်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာတွင် အစိုးရငွေချေးစနစ်နှင့် ပတ်သက်၍ စိုက်ပျိုးရေးဘဏ်မှငွေချေးစနစ်ရှိသည်။ ချေးငွေကာလမှာ( ၆) လဖြစ်ပြီး အတိုးနှုန်းမှာ ( ၅ မှ ၁၀%)ဖြစ်သည်။ ကြက်မွေးမြူရေးအတွက် မွေး/ကုဦးစီးဌာနမှ ငွေချေးအစီအစဉ်ဖြင့် ငွေကြေးစနစ်လည်းရှိသည်။

**(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကျောင်းရှိပါသည်။ ပင်မကျောင်းဆောင်(၂၆ပေ×၁၁ဝပေ×၁၂ပေ)ရှိပြီး တိုးချဲ့ဆောင်မရှိပါ။ ပင်မကျောင်းဆောင်မှာ သွပ်မိုး၊ အုတ်နံရံကာ၊အုတ်ခင်းဖြစ်ပါသည်။ ကျောင်းသုံးပရိဘောဂမှာ အသင့်အတင့်လုံလောက်မှုရှိပြီး ကျောင်းအိမ်သာမှာလည်း အသင့်အတင့်ကောင်းမွန်ပါသည်။ ကျောင်းတွင်း အဟာရ တိုက်ကျွေးမှုလည်း ရှိပါသည်။

အားကစားကွင်းမှာလည်း နေရာကျဉ်းနေပါသည်။ ကျောင်းဆရာအရေအတွက်မှာ အစိုးရခန့်မ (၄)ဦးနှင့်ကျောင်းလုပ်သား(၁)ဦး စုစုပေါင်း (၅)ဦးရှိပါသည်။ တပည့်/ဆရာအချိုးမှာ (၄ဝ:၁)အောက် အချိုးဖြစ် သောကြောင့် ဆရာလုံလောက်မှုမရှိပါ။ ဆရာ/ဆရာမများထပ်မံခန့် အပ်ပေးရန် လိုအပ်ပါသည်။ မိဘဆရာ အသင်း၏လှုပ်ရှားမှုမှာ စိတ်ဝင်စားမှုရှိပြီး တက်ကြွစွာပါဝင်လှုပ်ရှားကြပါသည်။

ကာကွယ်ဆေးတစ်နှစ်( )ကြိမ်ပုံမှန်ထိုးပေးသည်။ အဟာရပညာပေးဝန်ဆောင်မှုမရကြပါ။ ကျေးရွာအုပ်စုတွင်သာ ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ ကျေးရွာတွင်း ဆေးဝါးဆိုင်မရှိပါ။ အရေးပေါ်ဖြစ်ပါက (၇)မိုင်ခန့်ဝေးသော ကုတင်(၁ဝဝဝ)ဆန့်ဆေးရုံသို့ သွားရောက်ကုသရပါသည်။

ကျေးရွာတွင် စက်တပ်အဝီစိတွင်း (၄၃)တွင်းနှင့် အဝီစိတုန်ကင်တွင်း(၁၁)တွင်းရှိပါသည်။ သောက်သုံးရေမှာ နွေ၊မိုး၊ဆောင် သုံးရာသီအတွက်လုံလောက်မှုရှိပြီး ရေအရည်အသွေး စနစ်တကျစမ်းသပ်ထားခြင်းမရှိကြောင်း တွေ့ရသည်။

ကျေးရွာတွင် အိမ်ထောင်စု(၁၉၈)အိမ်ရှိသော်လည်း ယင်လုံအိမ်သာမှာ(၁ဝ၄)လုံးသာရှိပြီး စနစ်တကျသုံးစွဲမှုမှာမရှိ၊ သန့်ရှင်းမှုလည်းနည်းပါးသည်။ ကျန်(၉၄)ဦးမှာ မိသားစုအိမ်တွင် စုပေါင်းသုံးလျက်ရှိ ကြောင်းတွေ့ရပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအနားယူအပန်းဖြေနေရာများ ပျော်ပွဲရွှင်ပွဲများတွင် ပါဝင်ဆောင်ရွက် နိုင်ခြင်းရှိပါသည်။လူမှုရေး လုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်နိုင်မှုရှိပြီး ဘာသာရေးလုပ် ငန်းများတွင်လည်းဆောင်ရွက်နိုင်မှုရှိပါသည်။ အားကစားနှင့်ကာယလေ့ကျင့်ခန်းများပြုလုပ်ရန်နေရာမရှိပါ။ အထောက်အကူပစ္စည်းများ အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း

ပါဝင်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။ ယဉ်ကျေးမှုထိန်းသိမ်းခြင်းနှင့်ရိုးရာပွဲများ ထိန်းသိမ်းမှုလည်းအားနည်းနေကြပြီဖြစ်သည်။ ရိုးရာယဉ်ကျေးမှုအနေဖြင့် နှစ်စဉ်သင်္ကြန်အကပွဲကို ကျင်းပပါသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။ စိတ်ဝင်စားစရာများကို မိမိကိုယ်တိုင်လေ့လာ သင်ယူနိုင်မည့်နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက် များစသည်တို့တွင် ဝင်ရောက်လေ့လာသင်ယူရန်အတွက် အဆောက်အဦးများလိုအပ်ပါသည်။

## (ဇ) အခြေခံအဆောက်အဦး- လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များအတွက် ကျေးရွာတွင်းနှင့်(ဂ.၅)မိုင်ခန့် ဝေးသော ဘုရားကုန်းဈေးတို့တွင် ဈေးကွက်အလုံအလောက်ရှိသည်။ ကုန်စိမ်းနှင့်သားငါးကို ဘုရားကုန်းဈေးတွင် အလွယ်တကူဝယ် ယူရရှိနိုင်ပြီး၊ အခြားလူသုံးကုန်ပစ္စည်းများအား ဆိုင်ကယ်ဖြစ်သော်လည်းကောင်း၊ သုံးဘီးဆိုင်ကယ်ဖြစ် သော်လည်းကောင်း၊ ကားဖြစ်သော်လည်းကောင်း သယ်ယူပို့ဆောင်လျက်ရှိပါသည်။

ကျေးရွာတွင်သယ်ယူပို့ဆောင်ရေအနေဖြင့် စက်ဘီး(၄၂)စီး၊ ဆိုင်ကယ်(၈၃)စီး၊ ကား(၁၁)စီးနှင့် ထော်လာဂျီ(၁)စီး ရှိကြောင်းတွေ့ရပါသည်။ အများစုမှာတစ်ပိုင်တစ်နိုင်သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကိုအများစုအသုံးပြုကြသည်။

ကျေးရွာတွင်မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသည့်အိမ်(၅ဂ)အိမ်ရှိပါသည်။ ကျန်အိမ်ထောင်စု(၁၄၈) အိမ်သည် ဆိုလာ၊ ဘတ္တရီ၊ ဓါတ်ခဲနှင့်ဖယောင်းတိုင်မီးကို အသုံးပြုကြသည်။

ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာနှင့်ပတ်သက်၍ အိမ်တိုင်နီးပါး တယ်လီဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်း(၁၄၆)လုံး၊ ရေဒီယို(၁၃)လုံး၊ တီဗီ(၆၂)လုံးနှင့် စလောင်း(၃၈)ခုရှိသော်လည်း အိမ်ထောင်စု(၁၄၈)အိမ် လျှပ်စစ်မီးလက်လှမ်းမမီသောကြောင့် မဟာဓါတ်အားလိုင်းမှာလျှပ်စစ်မီးသုံးစွဲသူများသာလျှင် ဂြိုဟ်တုစလောင်းကို အချိန်မရွေးကြည့်ရှုနိုင်ကြသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ထိုအပြင် ရွာသားများသည် မိုဘိုင်တယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။

အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကိုမရရှိပါ။ ကျေးရွာတွင်အခြေပြု သဘာဝဘေး အန္တရာယ်လျှော့ချရေးအစီအစဉ်များလည်းမရှိပါ။ မှုခင်းများကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှာဝန်ဆောင်မှုများလည်း (၁)နှစ် တစ်ကြိမ်ဟောပြောပွဲများပြုလုပ်ပေးပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းများဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ လူကုန်ကူးမှုနှင့် ကြီးမားသောခိုးမှုများ မရှိကြပါ။ သာမန်ကိစ္စ များကို ကျေးရွာရာအိမ်မှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့် ဖြေရှင်းပေးပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်စိန် ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနများ

ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်(၅၃၃)ဦး (၆၃.၆)%ရှိသဖြင့် ၎င်းလူရွယ်များကို အသက်မွေးဝမ်းကျောင်း နည်းပညာများသင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်ကို တည်ဆောက် ပေးနိုင်ပါကကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအလားအလာကောင်းပါသည်။ ကျေးရွာလူထု၏ ကျန်းမာ ရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင် မှုများ သို့လည်းအလွယ် တကူလက်လှမ်းမှီနိုင်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက်လည်း သင့်တော်သော ရေ၊ မြေ၊ ရာသီဥတု၊ မြေနေရာ အကျယ်အဝန်းနှင့် စိုက်ပျိုးမြေများလည်းရှိသည်။ စိုက်ပျိုးမွေးမြူရေးမှထွက်သော ထုတ်လုပ်ကုန်များ အတွက်လည်း ဈေးကွက်အလုံအလောက်ရှိသည်။ မွေးမြူရေးအတွက်လည်း စားကျက်နယ် မြေသီးသန့် မရှိသော်လည်း သီးနှံရိတ်သိမ်းပြီးချိန်တွင် လွတ်ကျောင်းနိုင်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး တစ်နှစ်ပတ်လုံး အချိန် မရွေး၊ ယာဉ်မျိုးစုံဖြင့် သွားလာနိုင်သည်။ တယ်လီဖုန်း ဆက်သွယ်ရေးအနေဖြင့်လည်း အမ်ပီတီ၊ အော်ရဒူး၊ အမ်အီးစီ နှင့် တယ်လီနော (၄) မျိုးစလုံး ဆက်သွယ်နိုင်ပြီး ဈေးကွက်နှင့် သတင်းအချက်အလက်များ အချိန် နှင့် တပြေးညီရယူနိုင်သည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှုများ

ကျေးရွာတွင် စပါးအထွက်နှုန်းလျော့နည်းလျက်ရှိသည်။ စိုက်ပျိုးမြေတိုးချဲ့ရန်နေရာမရှိပါ။ ရေအလုံအလောက်ရရှိပါသည်။ မိုးတွင်းတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်သည်။ နည်းစနစ်တကျ မစိုက်ပျိုးနိုင်ခြင်း၊ ဌာနဆိုင်ရာနှင့် ပူးပေါင်းမှုအားနည်းသည်။ သွင်းအားစုနှင့် ကုန်ကျစရိတ်မြင့် မားသောကြောင့် အကျိုး အမြတ်နည်းသည်။

မွေးမြူရေးတွင် ရာသီအလိုက်ရောဂါများကျရောက်သဖြင့် မွေးမြူသူများနစ်စဉ်ဆုံးရှုံးမှုများ သည်။ မွေးမြူရေးအတွက် ထိရောက်သော ကာကွယ်ဆေးများထိုးခြင်း၊ နည်းပညာဝန်ဆောင်မှုများ လည်းမရှိပါ။ စနစ်တကျမွေးမြူနိုင်ခြင်းမရှိပါ။ ကျေးရွာတွင် နည်းပညာကျွမ်းကျင်သူမရှိ၊ မွေးမြူရေးကုသစရိတ် မြင့်မားသည်။ အရင်းအနှီးများပြီး မွေးမြူရေးချေးငွေလည်း မရကြပါ။

ကျေးရွာတွင် သောက်သုံးရေသန့်မရှိပါ။ လက်တူးတွင်း၊တုံကင်တွင်းများမှ ရေကိုသာစစ်သောက်ခြင်းနှင့် ရေသန့်ဗူးများဝယ်ယူ၍ သောက်သုံးနေရသည်။ ကျေးရွာတွင် ထုတ်ကုန်လုပ်ငန်း အတွက်ကုန်ကြမ်း၊ အတတ်ပညာ၊ အထိအတွေ့တို့ အားနည်းသည်။ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသည်။ အခြားအသက် မွေးဝမ်းကျောင်းလုပ်ငန်းများတွင်လည်း ကျွမ်းကျင်မှု အားနည်းသည်။ အရင်းအနှီးလည်းနည်းသည့်အပြင် ချေးငွေစနစ်လည်းမရှိပါ။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် (၅) နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) နောင်(၅)နှစ်ကြာသောအခါ ၂၀၂၂ခုနှစ်ကုန်တွင် ကျေးရွာရှိ အိမ်ထောင်စုပေါင်း ( ) သည် ဝမ်းစာဖူလုံပြီးမိသာစု ဝင်ငွ ( ) တိုးတက်ပြီးဖြစ်ရမည်။

(၂) နောင် (၅) နှစ်ကြာသောအခါ ၂၀၂၂ ခုနှစ်ကုန်တွင် ကျေးရွာအတွက်အခြေခံ လူမှုအဆောက်အဦးများပြည့်စုံပြီး လူနေမှုအဆင့်အတန်း မြင့်မားနေပြီး ဖြစ်ရမည်။

(၃) နောင် (၅) နှစ်ကြာသောအခါ ၂၀၂၂ ခုနှစ်တွင် ကျေးရွာကို ကောင်းစွာ ဦးဆောင်နိုင်သော စီမံအုပ်ချုပ်မှု စွမ်းဆောင်ရည်ကောင်းသော လူမှုအဖွဲ့အစည်း အနည်းဆုံးတစ်ဖွဲ့မှ ဦးဆောင်နေနိုင်သည့်အပြင် ကျွမ်းကျင် သူအနည်းဆုံး (၅) ဦးလည်း မွေးထုတ်ပြီး ဖြစ်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာတွင်အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားသောနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူ ပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများ ထွန်းကားလာ ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူ ရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများ ကတဖန်ကျေးရွာ

တွင်ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိကိုယ်တိုင်ကလည်း ကိုယ်ပိုင် လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(ခ.၂) ကျေးရွာတွင် အခြေခံအဆောက်အဦးဖြစ်သည့် (လမ်း၊မီးလင်းရေး၊ ကျန်းမာရေး၊ ဆေးပေးခန်း၊ စာကြည့်တိုက်)များကို တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာအခြေခံအဆောက်အဦးများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံ အဆောက်အဦးများ တိုးတက် ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာအဆောက် အအုံများကိုအသုံးပြု စီမံခန့်ခွဲ၊ ထိန်းသိမ်းရေအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်ဆောင် ရွက်သွားကြမည်။ ကျေးရွာလူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည် ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်သွားမည်။

(ခ.၃) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုယ်ကယ် ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်ရန်သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများ အတွက်ကျွမ်းကျင် မှုများကို တိုးပွား ရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီ အစဉ်နှင့် ချိတ်ဆက်ပေး မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစု ဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှလည်း ဒေသဆိုင်ရာအဆင့်၊ ထိုမှ တစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေ ဖော်ထုတ်ပေးနိုင်ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်းမှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ် လုပ်ကိုင် ရရှိမှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း

သတ်မှတ်ကာလ အတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံ ချက်များနှင့်ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါး၊ မတ်ပဲ၊ ပဲကြီး၊ ကြံ နှင့် ခရမ်းချဉ်တို့ကို စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးများကို ထိရောက် စွာနှိမ်နှင်းရေးအတွက် နည်းစနစ် ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရရှိသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထား မှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်း ရေးနည်းပညာအသစ် ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ဦးရွက်ပြုသင့်ပါသည်။

## (ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲသောတောင်သူ၊ အလယ်အလတ်တောင်သူများနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမား နှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက်အထိုက် အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။ အလားတူနှစ်ရှည်ပင် စိုက်ပျိုးရေးအတွက်လည်း စိုက်ပျိုးမည့်အပင် အမျိုးအစားနှင့် အရင်းအနှီးလိုအပ်ချက်အပေါ်မူတည်၍ မြစိမ်းရောင်ချေးငွေနှင့် နှစ်ရှည် ချေးငွေများလိုအပ်ပါသည်။

## (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့်အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီ မှုတွင် အားနည်းပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ် ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့် ခွဲရေးအောက် တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး ၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သောစီပွားရေးလုပ်ငန်း၊

စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန် အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

### (င) အစိုးရဌာနလစ်လပ်နေရာများတွင် ဒေသခံဘွဲ့ရ ပညာတတ်များအား ဦးစားပေးခန့်ထားရန်

ကျေးရွာစာသင်ကျောင်းတွင် ပညာရေးဝန်ထမ်းများပြည့်စုံလုံလောက်မှုမရှိပါ။ ပညာရေးဌာနမှ လစ်လပ်နေရာများ အချိန်မီ ဖြည့်စွက်ခန့်ထားမှုမရှိပါ။ ကျောင်းသားအရေအတွက်များသည်။ အချိန်မီ ခန့်ထားခြင်းမရှိ။ ဝန်ထမ်းများကို ဖွဲ့စည်းပုံအင်အားအရ အမြန်ဆုံးဖြည့်စွက်ခန့်ထားပေးရာတွင် ဒေသခံ ဘွဲ့ရပညာ တတ်များအား ဦးစားပေးခန့်ထားပေးရန်။

### (စ) ကျား/မ လုပ်အားခ တန်းတူရရှိရေး

အလုပ်အမျိုးအစား၊အလုပ်လုပ်ချိန်၊လုပ်အားစိုက်ထုတ်မှုနှင့် ပင်ပန်းမှုတူသော်လည်း ကျား/မနေ့ စားလုပ်အားခတန်းတူမရရှိကြပါ။ ကျား/မ ခွဲခြားမှုအနည်းငယ်ရှိသည်။ ကျေးရွာတွင် အမျိုးသမီးရေးရာ အဖွဲ့အစည်း ရှိသော်လည်း အမျိုးအသမီးများလုံခြုံမှုနည်းနေသည်။ လက်ရှိအမျိုးသမီးကာကွယ်သည့် ဥပဒေသည် ထိရောက်မှု အားနည်းနေသေးသည်။ အမျိုးသမီးများအနေဖြင့် အတွေ့အကြုံ ဗဟုသုတ နည်းသည်။ ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတဆင့် လွှတ်တော်သို့ တင်ပြ၍ ကျား/မ လုပ်အားခ တန်းတူ ရရှိရေး၊ အမျိုးသမီးကာကွယ်သည့် ဥပဒေပြဌာန်းပေးရန်နှင့် ပညာပေးဆောင်ရွက်ပေးရန်။

## ၈။ စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ ထိုကြောင့် စီမံချက်များသည် ငါးနှစ် တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည် ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုမှ ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလ ဖော်ထုတ် ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထု သည်နှစ်နှစ်၊ သုံးနှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာ ကာလတစ် လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ် သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ် ကဲ့သို့ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှု ရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာ

ကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များ၊ စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်နိုင်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း((Economic Classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားအလိုက်အခြေခံ၍စီမံကိန်းသတ်မှတ်ခြင်း(Economic Classification) တွင်သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်၊ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

**ဦးစားပေးစီမံချက်များ**

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါ | ဦးစား ပေး အ | ဖော်ပြချက် | မှ တ် ချ |
|---|---|---|---|---|---|

| | | | |
|---|---|---|---|
| င်း | ဆ | | က် |
| | င့် | | |
| ၁။ <u>မွေးမြူရေးနည်းပညာ</u> | | ၁။ | တိ/ |
| | | မွေး/ကုဦးစီးဌာနနှင့်ပူးပေါင်း၍ | မွေး |
| | | | ကု |
| | | နည်းပညာအကူအညီရယူခြင်း | ဦး |
| | | | စီး |
| | | | ဌာ |
| | | | န |

**စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော ဝင်ငွေရ လုပ်ငန်းများကဏ္ဍ**

| | | |
|---|---|---|
| ၂။အသက်မွေးဝမ်းကျောင်းနည်းပညာ | ၂။ စက်ချုပ်နှင့် အိမ်တွင်းမှု | ကျေး |
| | အဆင့်မြှင့်သင်တန်း | လ |
| | ၃။ လက်သမား၊ပန်းရံ အဆင့် | က် |
| | မြှင့်သင်တန်း | နှင့် |
| | ၄။ အိမ်သုံးလျှပ်စစ် | အ |
| | ပြုပြင်နည်း | သ |
| | သင်တန်း | က် |
| | ၅။ စက်ပြင်သင်တန်း | မွေး |
| | ၆။ | ဦး |
| | ဆံပင်ညှပ်၊အလှပြင်သင်တန်း | စီး |
| | ၇။ လက်ယက္ကန်း၊စက်ယက္ကန်း | ဌာ |
| | သင်တန်း | န |
| | ၈။ | |
| | တယ်လီဖုန်းပြုပြင်သင်တန်း | |

**ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုကဏ္ဍ**

| | | |
|---|---|---|
| ၃။ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၉။ နှစ်ရှည်ချေးငွေစနစ် | ကျေး |
| | ၁၀။ | လ |
| | ဆင်းရဲသားများအတွက်ရန်ပုံ | က် |
| | ငွေထူထောင်ခြင်း | ဦး |
| | (ငွေစု/ငွေချေးစနစ် | စီး |
| | ထူထောင် | |

ခြင်း)

| | | |
|---|---|---|
| **ပညာရေးကဏ္ဍ** | | |
| ၄။ ပညာရေးမြှင့်တင်ခြင်း | ၁၁။ အလယ်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ အဟောင်းပြုပြင်ခြင်း၊ တိုးချဲ့ခြင်း<br>၁၂။ ကျောင်း ယင်လုံအိမ်သာ ဆောက်လုပ်ခြင်း<br>၁၃။ ကျောင်းသောက်ရေသန့် ရရှိရေး<br>၁၄။ ကျောင်း<br>၁၅။ ကျောင်းပရိဘောဂ/ သင်ထောက်ကူပစ္စည်း<br>၁၆။ ကျောင်းစာကြည့်တိုက် ထူထောင်ခြင်း | ပညာရေးဦးစီးဌာန |
| **ကျန်းမာရေးကဏ္ဍ** | | |
| ၅။ ကျန်းမာရေးအဆောက်အဦး များမြှင့်တင်ခြင်း | ၁၇။ ကျေးလက်ကျန်းမာရေးဆေး ပေးခန်းဆောက်လုပ်ခြင်း<br>၁၈။ လူနာတင်အရေးပေါ်ကား ထူထောင်ခြင်း | အားကစားနှင့်ကျန်းမာရေး |

| | | |
|---|---|---|
| | | ဦးစီးဌာန |
| **ရေနှင့်သန့်ရှင်းရေးကဏ္ဍ** | | |
| ၆။ **<u>သောက်ရေသန့်ရှင်းရေး</u>** | ၁၉။ စက်ရေတွင်း(တွင်းနက်) တူးဖော်ခြင်း | |
| **လူငယ်၊ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍ** | | |
| ၇။ **<u>လူငယ်ဖွံ့ဖြိုးရေး</u>** | **အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း**<br>၂၁။ အင်္ဂလိပ်စာသင်တန်း<br>၂၂။ ကွန်ပျူတာသင်တန်း<br>၂၃။ တယ်လီဖုန်းပြင်သင်တန်း | |
| | **လူငယ်များလေ့လာသင်ယူမှု မြှင့်တင်ရေး**<br>၂၄။ နှစ်စဉ် စာပေဟောပြောပွဲ ကျင်းပခြင်း<br>၂၅။ စာကြည့်တိုက်ထူထောင်ခြင်း | |
| | **လူငယ်များဖွံ့ဖြိုးရေးအဖွဲ့များတွင် မျှတတက်ကြွစွာ ပါဝင်လာစေရေး**<br>၂၆။ ကော်မတီများဖွဲ့စည်းရာတွင် လူငယ်များ အချိုးကျပါဝင်ဖွဲ့စည်းပေးခြင်း | |
| | **လူငယ်များအားကစားမြှင့်တင်ခြင်း**<br>၂၇။ အားကစားကွင်းနှင့် အားကစားပစ္စည်းများထူထောင်ပေးခြင်း။ | အားကစားနှင့်ကျန်းမာရေးဦးစီး |

| | | |
|---|---|---|
| | | ဌာန |
| **ကျေးရွာအတွင်းရှိ အခြေခံအဆောက်အဦးများ** | | |
| ၈။ ကျေးရွာလမ်းတံတား | ၂၈။ ရွာတွင်း ရိစာလမ်းခင်းခြင်း<br>၂၉။ Box Culvet တည်ဆောက်ခြင်း | ကျေးလက်ဦးစီးဌာန |
| **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ် လျော့ချခြင်းကဏ္ဍ** | | |
| ၉။ သဘာဝဘေးလျော့ချရေး | ၃၀။ မီးသတ်ကားထူထောင်ခြင်း<br>၃၁။ အရံမီးသတ် စနစ်တကျဖွဲ့စည်းခြင်း<br>၃၂။ သဘာဝဘေးအန္တရာယ်လျော့ချရေးသင်တန်း<br>၃၃။ ရေကာတာတည်ဆောက်ခြင်း | မီးသတ်ဦးစီးဌာန<br>နှင့်<br>ဆည်မြောင်းဦးစီးဌာန |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ မွေးမြူရေးနည်းပညာ | | | A | | | |
| ၂။ အသက်မွေးဝမ်းနည်းပညာ | | A | A | A | A | A |
| ၃။ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | | | A | | | |
| ၄။ ပညာရေးမြှင့်တင်ခြင်း | | | A | | | |
| ၅။ ကျန်းမာရေးအဆောက်အဦးများမြှင့်တင်ခြင်း | | | | A | | |
| ၆။ သောက်ရေသန့် | | | A | | | |
| ၇။ လူငယ်ဖွံ့ဖြိုးရေး | | | | A | | |
| ၈။ ကျေးရွာလမ်းတံတား | | A | | | A | |
| ၉။ သဘာဝဘေးလျှော့ချရေး | | A | | | | |

## ၉။ ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည်တချို့စီမံချက် များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်းညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။( ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)တို့ဖြစ်သည်။

**စီမံချက်ဘတ်ဂျက်**

**ရင်းနှီးမြှုပ်နှံမှုအရအသုံးစုံစုစုသတ်မှတ်ခြင်း(ကျပ်)**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
|---|---|---|---|---|---|---|
| ၁ | မွေးမြူရေးနည်းပညာ | | | | | |
| ၂ | အသက်မွေးဝမ်းနည်းပညာ | | | | | |
| ၃ | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | | | | | |
| ၄ | ပညာရေးမြှင့်တင်ခြင်း | | | | | |
| ၅ | ကျန်းမာရေးအဆောက်အဦးများမြှင့်တင်ခြင်း | | | | | |
| ၆ | သောက်ရေသန့် | | | | | |
| ၇ | လူငယ်ဖွံ့ဖြိုးရေး | | | | | |
| ၈ | ကျေးရွာလမ်းတံတား | | | | | |
| ၉ | သဘာဝဘေးလျှော့ချရေး | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း

အသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာ အသင်းသည် ကျေးရွာစာသင်ကျောင်း၏ ပညာအရည် အသွေးကောင်းမွန် တိုးတက်ရန် တာဝန်ယူဆောင်ရွာစေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာ ထုတ်ကုန်လမ်းအဆင့်မြှင့် ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

## (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ် ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သောအကူ အညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာ အသင်းသည် ကျေးရွာစာသင်ကျောင်း၏ ပညာအရည်အသွေး ကောင်းမွန်တိုးတက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်သွားရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း ကျေးရွာလယ်ယာထုတ်ကုန်လမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

## (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစာဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားအတွက် အောက်ပါအဖွဲ့ အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။ ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက်ကန်ထရိုက်များ စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာ ဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတာဖွံ့ဖြိုးမှုအဖွဲ့ အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ) ကန်ထရိုက်နှင့် ဝန်ဆောင်မှု ပေးသည့်အဖွဲ့အစည်းများ ကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စရပ်များကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထား သောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီး ဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးအပ်ထားသော ကော်မတီဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းဆီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထား ရှိရမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံ ခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်း များသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီအဖွဲ့အား တာဝန်ပေးအပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်း ကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသတ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများ အား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူ ပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁.၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကိုစနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ(Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း(indicator) များဖြစ်ပါသည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါ အချက်များအပေါ် ဦးတည်ပါမည်။

**(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)**

စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ ပြုပြင် ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

**(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု ((financial progress)**

ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊ (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊ ငွေသားနှင့် ငွေသားမဟုတ် သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊ ငွေကြေးစု ဆောင်း ပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်(၃)လပတ် ကြီးကြပ်မှု အစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာန များသို့ အစီရင်ခံပေးပို့ပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော် လွှားမှုများ၊

ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်ပါသည်။

## (၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါ သည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြား သက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သတင်းမီဒီယာ များ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင် သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြု ချက်များဖြင့် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါ သည်။